# ရှင်ယောဟန်
# ဩဝါဒစာဒုတိယစောင်။

1 အသက်ကြီး သူ သည် မြတ်သော သခင်မ ကိုငင်း ၊ သားသမီး
တို့ကို ငင်း ကြား လိုက်ပါ ၏။ ငါ တို့၌ တည် ၍ ငါ တို့ တွင်
အစဉ်မပြတ် ရှိ လတံ့သော သမ္မာတရား
ကြောင့် ၊ 2 ငါ မှစ၍ သမ္မာတရား ကို သိ
သောသူ အပေါင်း
တို့ သည်၊ သခင်မ နှင့် သားသမီး တို့၌
မှန်ကန် သောချစ် ခြင်း မေတ္တာ ရှိပါ၏။ 3 ခမည်းတော်
ဘုရား ထံ တော်ကငင်း ၊ ခမည်းတော် ၏သား တော်ယေရှု
ခရစ် အထံ ကငင်း၊ သမ္မာတရား
၊ မေတ္တာ
တရားနှင့်တကွ ၊ ကျေးဇူး ၊ ကရုဏာ
၊ ငြိမ်သက် ခြင်းသည် သင်တို့၌ ရှိ ပါစေသော။ 4 ငါ
တို့သည် ခမည်းတော် ဘုရားထံ၌ ပညတ် တော်ကို ခံရ
သည့်အတိုင်း ၊ သင် ၏သားသမီး အချို့ တို့သည် သမ္မာတရား
၌

ကျင်လည် ၍ နေသည်ကို ငါတွေ့ သောအခါ၊ အလွန်
ဝမ်းမြောက် ခြင်းရှိ၏။ 5 ယခု တွင် ပညတ် တော်သစ် ကို
မ
ရေး ဘဲလျက် ၊ ငါတို့၌ရှေ့ဦးစွာ ကပင် ရှိ သော ပညတ်
တော် ကို ရေးထား ၍၊ သခင်မ ၊ အချင်းချင်း ချစ် ခြင်း
မေတ္တာရှိကြကုန်အံ့ဟု ငါတောင်းပန် ၏။ 6 ပညတ် တော်
တို့အတိုင်း
ကျင့်စောင့် ခြင်းအရာ သည် ချစ် ရာရောက် ၏။ သင်
တို့သည် ပညတ် တော်နှင့်အညီကျင့် မည်အကြောင်း ၊
ရှေ့ဦးစွာ ကပင် သင် တို့ ကြားရသည်အတိုင်း ၊ ပညတ်
တော်သည်ထိုသို့သောသဘောရှိ ၏။ 7 လူဇာတိ အားဖြင့်
ကြွလာ တော်မူသော ယေရှု ခရစ် ကို ငြင်းပယ် လျက်၊
လှည့်ဖြား သော သူအများ
တို့သည် လောက
ထဲသို့ ဝင် ကြပြီ။ ထိုသို့သောသူသည် လှည့်ဖြား သော
သူ ဖြစ် ၏။ အန္တတိခရစ် လည်း ဖြစ်၏။ 8 ငါတို့သည်
ကိုယ်ပြုစု သောအရာ မ ပျောက် မပျက်၊ စုံလင် သော
အကျိုး ကို ရ
မည်အကြောင်း ၊ သင် တို့သည် ကိုယ် ကို ကိုယ်
သတိပြု၍ စောင့်ရှောက် ကြ လော့။ 9 ခရစ်တော်
၏ဒေသနာ ၌
မ တည် ဘဲ လွန်ကျူး သော သူ မည်သည် ကား၊
ဘုရားသခင် ကိုမ သိ ။ ခရစ်တော်ဒေသနာ ၌
တည် သောသူ သည် ခမည်းတော် နှင့်

သား တော်ကိုသိ ၏။ 10 ထို ဒေသနာ တော်မ ပါ သော
သူ သည် သင် တို့ထံသို့ လာ လျှင် ၊ သူ့
ကိုသင့်အိမ် ၌
လက် မ ခံနှင့်။ မင်္ဂလာရှိစေသောဟု နှုတ် မ ဆက်နှင့်။
11 မင်္ဂလာရှိစေသောဟုထိုသူ ကိုနှုတ်ဆက် လျှင် ၊ သူ
၏ဆိုးယုတ် သော အကျင့် တို့ နှင့် ဆက်ဆံ ရာ သို့
ရောက်၏။ 12 သင် တို့အား ငါရေး စရာအကြောင်း အများ
ရှိ သော်လည်း ၊ စက္ကူ
ပေါ်၌မှင် နှင့် ရေး ခြင်း ငှာ အလို မ ရှိ၊ သင် တို့ ဆီ
သို့ ငါလာ၍၊ အချင်းချင်း အားရဝမ်းမြောက် ခြင်းစုံလင်
မည်အကြောင်း ၊ သင်တို့နှင့် နှုတ်ဆက်၍ စကားပြော
မည်ဟုမြော်လင့် လျက်နေ ၏။ 13 သင် ၏မြတ်သောညီမ
၏ သားသမီး
တို့သည် သင့် ကိုနှုတ်ဆက် ကြ၏။

# မြန်မာကျမ်းစာ
# The Holy Bible in the Burmese language of Myanmar, Judson version of 1840

Public Domain

Language: ဗမာ (Burmese)

Translation by: Adoniram Judson

2021-07-11

PDF generated using Haiola and XeLaTeX on 11 Nov 2022 from source files dated 26 Aug 2022
5602fb7e-6c4f-5434-acb0-8e67903ea45f